
ရူးရူး
မှော်ကျောက်စာ
လုံးချင်းဝတ္ထုသစ်
ညဖက်...
ချစ်သူကို လွမ်းလို့တဲ့...
အမြင့်ဖက် အမှောင်ထဲက

# Introduction

"ဝါး…"

အိပ်ရာနိုးတာနဲ့ ကျိုးထပြီး သူ့အကျင့်အတိုင်း လက်နှစ်ဖက်ဆန့်၊ အားကုန်သန်းဝေပြီးမှ မျက်လုံးနှစ်လုံးဖွင့်လိုက်တော့…

"ဟာ… ရှိနေပြန်ပြီ"

သူ မနက်နိုးတိုင်း သူ့ညဖက်ပါးပြင်မှာ မြင်ရတဲ့ အရာတစ်ခု။

အဲဒါ သူ မှတ်မိသလောက်ဆိုရင် အလယ်တန်းကျောင်းသားဘဝမှာ ကတည်းက မနက်အိပ်ရာနိုးတိုင်း မြင်ခဲ့ရတာပါ။

အံ့ဩလွန်းလို့ မေမေ့ကိုပြလိုက်တိုင်းလည်း မေမေက…

"သား… မင်း မေမေ့နှုတ်ခမ်းနီတွေနဲ့ ယူမဆော့နဲ့ကွာ။ မေမေ မကြိုက်ဘူး"

ဆိုပြီးပဲ တုန့်ပြန်နေကြ။

သူငယ်ချင်းတွေကိုလည်း သူ့အဖြစ်ကို အံ့ဩတကြီးနဲ့ ပြောပြတိုင်း သူငယ်ချင်းတွေက…

"မင်းပြောတာ ငါတို့တော့ မယုံဘူး"

ဆိုပြီးပဲ ပြောနေကြ။

ကြာလာတော့ မယုံတဲ့လူတွေကို သူ ရှင်းလည်းမပြဖြစ်တော့။

အဲဒီအရာလေးကတော့ တာဝန်အတိုင်း သူ့ညာဖက်ပါးပြင်ပေါ် နေ့တိုင်းလိုလို ရောက်ရောက်လာရပါတယ်။

သူ အိပ်ခန်းတံခါးတွေကို ဘယ်လိုပဲ ဂျက်ချအိပ်အိပ်။ မေမေ့ကို အကူညီတောင်းပြီး အခန်းပြင်က ဂျက်ချပြီးပဲ အိပ်အိပ်။

မနက်မိုးလင်းရင်တော့… သူ့ညာဖက်ပါးပြင်ကို တစ်စုံတစ်ခုက ရောက်လာတတ်စမြဲ။

ယနေ့လည်း အဲဒီအရာလေးက သူ့ညာဖက်ပါးလေးပေါ်မှာ။

ပန်းနုရောင် နှုတ်ခမ်းရာလေးလေ။

ဒီနှုတ်ခမ်းရာလေးကို မြင်ရပါများလာတော့လည်း သူ့အတွက် သိပ်ပြီး မထူးဆန်းတော့သလိုလို။

*

အံ့သြစရာ…

ဘယ်သူကြိုးကိုင်ပြီး

ဘယ်သူက ထိန်းချုပ်ခံနေတာလဲ?

ဘာတွေဖြစ်ကုန်ပြီလဲ?

အနာဂတ်ကို နားမလည်နိုင်တော့ဘူးဆိုရင်…

လမ်းသာ ဆက်လျှောက်ပေတော့။

*